## ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြခြင်းမပြုပါကလည်း ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသည့် စနစ်ပြောင်းလဲကျင့်သုံးမည်

## အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုသူဦးရေများပြားလာသဖြင့် ပြည်သူများ အချိန်ကုန်လူပင်ပန်းသက်သာစေရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်အား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို (၁.၁၀.၂၀၁၇) မှ စတင်ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။

၂။ ထိုသို့ 'ခ' ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်လျှောက်ထားရာတွင် ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြမှသာ လက်ခံခွင့်ပြုလျက်ရှိရာမှ ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် သင်တန်းဆင်းလက်မှတ်မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို (၂၆.၂.၂၀၁၈)ရက်မှစတင်၍ ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သင်တန်းဆင်းလက်မှတ်မရှိသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဖွင့်လှစ်သော ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးသင်တန်း(**၁**)ရက် တက်ရောက်ပြီးပါက 'ခ' ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသွားမည်ဖြစ်ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ရုံးဖွင့်ရက်တစ်ရက်လျှင် သင်တန်းသား(၄၀၀) ဦးအထိ အောက်ပါအတိုင်း လက်ခံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က) နံနက်ပိုင်းသင်တန်း (၀၈:၃၀ မှ ၁၂:၃၀ ထိ) - ၂၀၀ ဦး

(ခ) ညနေပိုင်းသင်တန်း (၁၂:၃၀ မှ ၁၆:၃၀ ထိ) - ၂၀၀ ဦး

၄။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်ရန်အတွက် တက်ရောက်လိုသည့်နေ့ရက်ကို Online စနစ်ဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းခြင်းအား www.rtad.gov.mm website တွင် (၁၈.၂.၂၀၁၈) ရက်မှ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါသင်တန်းကို (၂၁.၂.၂၀၁၈) ရက်မှစတင်၍ ဖွင့်လှစ်ပေးသွားပါမည်။

၅။ မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူများအတွက် အထက်အပိုဒ် (၃)၊ (၄)ပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းသို့ တက်ရောက်ရန်မလိုအပ်ဘဲ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်ရက်အား www.rtad.gov.mm website တွင် ယခင်အတိုင်း တိုက်ရိုက်လျှောက်ထားဖြေဆိုနိုင်ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများမှ ထုတ်ပေးသော 'သ'၊ 'က-၁' နှင့် 'က' ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ အခြားတိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ရုံးများမှ ထုတ်ပေးသည့် 'သ'၊ 'က-၁' နှင့် 'က' ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများတွင် နယ်ဝင်ဆောင်ရွက်ပြီးမှသာ သင်တန်းတက်ရောက်ရန် Online Booking လျှောက်ထားနိုင်ပါမည်။

၇။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း (၁) ရက်တက်ရောက်ပြီး နောက်တစ်နေ့မှ စ၍ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်အား ကြိုတင်စာရင်းသွင်းခြင်း (Online Booking) အား ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း တက်ရောက်ရန် Online Booking ကို အနည်းဆုံး (၃)ရက်မှ အများဆုံး (၃၀) ရက်အထိ ကြိုတင် ရယူနိုင်ပြီး Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm ၊ www.myanmarrtad.com ၊ www.rtad.gov.mm Website များနှင့် **Ministry of Transport and Communications, Myanmar** Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ် (နေပြည်တော်) - ၀၆၇-၃၄၀၅၁၈၁၊ ၀၆၇-၃၄၀၅၃၅၉ ၊ ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီး (ရန်ကုန်) - ၀၁-၅၇၀၉၆၇

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန